# စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ် မူးမန္တလေးကျေးရွာ အပါအဝင် ရွာ (၅) ရွာအား လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်

- အဓိကကျသော အချက်အလက်များ
- အကြောင်းအရာများ
- သတ်ဖြတ်ခံရသည့် စာရင်း
- ဓာတ်ပုံမှတ်တမ်းများ


လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနမှတင်ပြသည်

mohr@nugmyanmar.org
www.mohr.nugmyanmar.org


## အဓိကကျသော အချက်အလက်များ

| ဖြစ်မှုကျူးလွန်သူ | မြေပုံ | ကျူးလွန်ခံရသူများ (စုစုပေါင်းအသတ်ခံရသူ ၂၉ ဦး) | ပြည်သူပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုများ |
|---|---|---|---|
| မုံရွာ နမခ စစ်ကောင်စီတပ် စစ်ကိုင်း တပ်မ (၃၃) |  | • လေကြောင်းတိုက်ခိုက်မှုကြောင့် မူးမန္တလေးရွာတွင် အမျိုးသမီး(၁)ဦး အမျိုးသား(၂)ဦး ကျည်ထိမှန် ဒဏ်ရာရရှိခဲ့<br>• မြေပြင်မှပါ စစ်ကြောင်းထိုး၍ လေးဖက်လေးတန် ညှပ်ပိတ် တိုက်ခိုက်ခဲ့သဖြင့် လသားအရွယ်မှ ဧနစ်အရွယ်ခန့် ကလေးငယ်များ အပါအဝင် အမျိုးသား(၄၀) အမျိုးသမီး (၇၀) ခန့် ပိတ်မိပြီး စုစုပေါင်း လူ၁၁၀ခန့် ဘုန်းကြီးကျောင်းထဲ ဖမ်းခေါ်ခံရ<br>• ဖမ်းခံရသူများအနက် (၃) ဦး သတ်ဖြတ်ခံရ<br>• ဂုန်ညင်းဆိပ်ရွာတွင် ၄ဦး သတ်ဖြတ်ခံရ၊ဓားစာခံ ၃၀ခန့် ဖမ်းဆီးခံရပြီး လမ်းပြအဖြစ် ရွာသား၂ဦးသို့ ဖမ်းခေါ်သွားခံရ | • မူးမန္တလေးရွာမှ အိမ်ခြေ (၃၀) ခန့်<br>• အင်းမရွာ နေအိမ် (၉)လုံး ၊ကား ၂ စီး<br>• ဂုန်ညင်းဆိပ်ရွာ နေအိမ်(၃၅)လုံး ကား၃စီး လှည်း ၅ စီး<br>• ညောင်ပင်ရှည်ရွာ (၁၉) လုံး မီးရှို့ခံရ၊ နွား ၅ ကောင် သေဆုံး<br>• တလိုင်းကျွန်းရွာ (၆၂) လုံး၊ ဆိုင်ကယ် (၆) စီး မီးရှို့ဖျက်ဆီးခံရ<br>• ကျေးရွာတိုင်းတွင် ရွာတွင်းရှိအိမ်များကို မွှေနှောက်ဖျက်ဆီးပြီး လက်ဝတ်လက်စားနှင့် ငွေသားများ ရှာဖွေလုယက် ယူဆောင်သွား |



## ၂၇ ရက်နေ့၊ ဇူလိုင်လ ၂၀၂၂ ခုနှစ် နံနက် ၁၀:၀၀ နာရီခန့်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်ရှိ မူးမန္တလေး၊ အင်းမ၊ ဂုန်ညင်းဆိပ်၊ညောင်ပင်ရှည်၊ တလိုင်းကျွန်း ကျေးရွာများကို မုံရွာနမခမှ ရဟတ်ယာဥ် (၅) စီးဖြင့် လာရောက်ပစ်ခတ် ခဲ့ပြီးနောက် ရဟတ်ယာဥ် (၂) စီးဖြင့် စစ်ကောင်စီတပ်သားများကို လာချပေးခဲ့ကာ စစ်ကြောင်း နှစ်ကြောင်းခွဲ၍ မူးမန္တလေးနှင့် ညောင်ပင်ရှည်ရွာများကို စီးနင်းဝင်ရောက် တပ်စွဲခဲ့ကြသည်။

လေကြောင်းမှပစ်ခတ်တိုက်ခိုက်မှုကြောင့် နွား ၂ ကောင်သေဆုံးပြီး အမျိုးသမီး(၁)ဦး အမျိုးသား(၂)ဦး ကျည်ထိမှန် ဒဏ်ရာရရှိခဲ့သည်။ ဝေဟင်သာမက မြေပြင်ကပါ ညှပ်ပိတ် တိုက်ခိုက်ခဲ့သဖြင့် လသားအရွယ်မှ ၈နှစ်အရွယ်ခန့် ကလေးငယ်များ အပါအဝင် စုစုပေါင်း လူ၁၁၀ခန့် ဖမ်းမိသွားပြီး ဘုန်းကြီးကျောင်းထဲ ဖမ်းခေါ်သွားခဲ့သည်။ ဖမ်းမိသူများမှ အမျိုးသားများကို သေလုမျောပါး ရိုက်နှက် နှိပ်စက်ခြင်း၊ နေပူထဲတွင် နေလှမ်းထားခြင်း၊ စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ပြီး ညှင်းပန်းနှိပ်စက် ခြင်းခံခဲ့ရသည်။ ဖမ်းဆီးထားသူများ အနက် ခေါးပါသည်ဟုဆိုကာ ကိုခင်မောင်အေး (ခ)ကိုကောင်း (၄၀)နှစ်နှင့် သူ၏ညီတော်စပ်သူ တောင်းယက်လျှော်သပ် လာသင်သည့် အသက်၂၅-၃၀ဝန်းကျင်အရွယ် လူငယ် (၂)ဦး စုစုပေါင်း ရွာသား(၃)ဦးကို ရွာတောင်ဖျားမှ အိမ်တစ်အိမ်ထဲတွင် မီးရှို့သတ်ဖြတ်သွားခဲ့သည်။ရွာအတွင်း တစ်အိမ်တက်ဆင်း ရွှေငွေ ပစ္စည်းများကို မွှေနှောက်ယူဆောင် ဖျက်ဆီးသွား သည့်အပြင် အိမ်ခြေ (၃၀) ခန့်မီးရှို့ဖျက်ဆီးခဲ့ကြသည်။

အလားတူ ၂၇.၇.၂၂ ရက်နေ့ တစ်ရက်တည်းမှာပင် ညောင်ပင်ရှည်ရွာတွင်လည်း လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခံရပြီး မြေပြင်မှ အင်အား၅၀ခန့် ဖြင့် စစ်ကြောင်းထိုး လာသောကြောင့် ထွက်ပြေးချိန်မရတော့ပဲ ခေါးစခံ၃၀ခန့် ဖမ်းဆီးခံခဲ့ရသည်။ လက်နက်ကြီးကျရောက်မှုကြောင့် နေအိမ်တစ်လုံးပျက်ဆီးပြီး နွား ၅ ကောင်သေဆုံး ခဲ့ရသည်။ အိမ်ခြေ ၁၉ လုံး မီးရှို့ခံရပြီး ကျန်နေအိမ်များကို ဖျက်ဆီးမွှေနှောက်ကာဆန်ဆီ စသည်တို့ကို ယူဆောင်သွားခဲ့ ကြသည်။ ယခင် ၅ လပိုင်းခန့်ကလည်း အင်အား၁၀၀ခန့်ဖြင့် ပထမအကြိမ် ရွာကို စီးနင်းခံရပြီး အိမ်ခြေ ၁၇၅ အိမ်ခန့် မီးရှို့ခံခဲ့ရသည်။ ကျား/မ ၅၀ခန့်ခေါးစခံ ဖမ်းဆီးခံခဲ့ရပြီး အမျိုးသားများကို နှိပ်စက်ခံခဲ့ရသည်။

## ၂၈ ရက်နေ့၊ ဇူလိုင်လ ၂၀၂၂ ခုနှစ်

ညောင်ပင်ရှည်ရွာမှ စစ်ကောင်စီတပ်သည် အမျိုးသား၂ယောက်ကို လမ်းပြအဖြစ် ခေါ်ဆောင် သွားခဲ့ပြီး တလိုင်းကျွန်းရွာဖက်သို့ ထွက်သွားခဲ့သည်။ လမ်းပြ အမျိုးသား (၂)ဦးမှာ မတရားညှင်းပမ်း နှိပ်စက်ခံရပြီးမှ ညိုမဲစွဲသည့် ဒဏ်ရာဒဏ်ချက်များစွာဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။ နေ့လည် ၂နာရီခန့်တွင် စစ်ကောင်စီ အင်အား၇၀ ခန့်သည် တလိုင်းကျွန်းရွာသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ဝင်ရောက်ပြီး အိမ်ခြေ ၆၂လုံးခန့် ဆိုင်ကယ် ၆စီး တို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။ မီးမလောင်သည့် အိမ်များမှ ပစ္စည်းများ ငွေများကို မွှေနှောက်ရှာဖွေ ယူသွားကြသည်။ မုံရွာ နမခ တပ် ဘက်တံဆိပ်များ ချထားခဲ့သည်ကိုလည်းတွေ့ရသည်။

## ၂၉ ရက်နေ့၊ ဇူလိုင်လ ၂၀၂၂ ခုနှစ်

မူးမန္တလေးမှ ထွက်လာသော စစ်ကောင်စီတပ်သည် အင်အား၈၀ခန့်ဖြင့် အင်းမရွာ ထဲသို့ လက်နက်ကြီးများလက်နက်ငယ်များ ပစ်ခတ်ဝင်ရောက်လာခဲ့ပြီး အင်းမရွာ ဘုန်းကြီး ကျောင်းရှိ ကိုရင်လေး ၂ပါးနှင့် လင်မယားနှစ်ယောက်တို့ကို ခေါးစခံဖမ်းခေါ်ကာ ရွာထဲရှိ အိမ်များကို လိုက်ပြခိုင်းပြီး မီးရှို့သဖြင့် နေအိမ် (၉)လုံး၊ ကား(၂)စီး မီးလောင် ပြာကျခဲ့သည်။ဆိုင်ကယ် (၇)စီးခန့်နှင့် နေအိမ်တွင်းရှိ TV စလောင်းများ အပါအဝင် ပရိဘောဂများကို ရိုက်ခွဲဖျက်ဆီး မွှေနှောက်ခြင်း၊ အိမ်မွေးတရိစ္ဆာန်များကို သတ်ဖြတ် စားသောက်ခြင်းများ ပြုလုပ်ပြီး ၃၀ရက်နေ့တွင် ထွက်ခွာသွား ကြသည်။

## ၃၀ ရက်နေ့၊ ဇူလိုင်လ ၂၀၂၂ နံနက် ၁၀ နာရီခန့်

ထို့နောက် ဂုန်ညင်းဆိပ်ရွာသို့ လက်နက်ကြီးလက်နက်ငယ်များ ဖြင့်ပစ်ခတ်၍ ဆက်လက် ဝင်ရောက်စီးနင်းရာ လူ၂၀ခန့်ကို ခေါးစခံအဖြစ်ဖမ်းဆီးပြီး ညှင်းပမ်း နှိပ်စက်စစ်မေးကာ တစ်ဦးကိုအများရှေ့တွင်ပင် လက်ပြန်ကြိုးတုပ် မီးရှို့သတ်ဖြတ်ခဲ့ပြီး နောက်တစ်ဦးကို မူးမြစ်ကမ်းထိပ်တွင် ပစ်သတ်ခဲ့သည်။နောက်ထပ်ရွာသား (၂)ဦးကိုလည်း သေနတ်ဒဏ်ရာများဖြင့် မီးလောင်သေဆုံးနေသည်ကို တွေ့ရှိရပြီး စုစုပေါင်း (၄)ဦးကို သတ်ဖြတ် သွားခဲ့သည်။အသက်မသေသော်လည်း မျက်လုံးပျက်စီးသည်ထိ နှိပ်စက်ခံရသူ များလည်း ရှိသည်။ အိမ် (၃၅)လုံး၊ ကား ၃စီး၊ လှည်း၅စီး မီးရှို့ဖျက်ဆီးခံခဲ့ရပြီးရွာအတွင်း နေအိမ်များကို မွှေနှောက်ဖျက်ဆီးခဲ့ကြသည်။

## ၃၁.၇.၂၀၂၂ မှ ၂.၈.၂၀၂၂ ရက်ထိ

ရွာစဥ်တစ်လျှောက် မီးရှို့ မွှေနှောက်ဖျက်ဆီးလုယက်ခဲ့သော ၎င်းစစ်ကြောင်းသည် ညောင်မြစ်၊ ကံဖျား၊ ခွက်ခွင်းရွာများဖက်သို့ ဆက်လက်ထွက်ခွာ၍ ဈေးဆိုင်များ နေအိမ်များမှ ပစ္စည်းများ လုယက်ယူငင်ခြင်း အိမ်တံခါးများရိုက်ချိုးဖျက်ဆီးခြင်း တို့ထပ်မံပြုလုပ်ခဲ့ကြသည်။

### Media Links

1. shorturl.at/aejKX
2. shorturl.at/dnuw6
3. shorturl.at/ahMR2
4. shorturl.at/klrs0
5. shorturl.at/ce157

# လေကြောင်းတိုက်ခိုက်မှုကြောင့် စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာများမှာ ထိခိုက်ဒဏ်ရာရသူများစာရင်း

| စဉ် | အမည် | လိင် | အသက် | ထိခိုက်ဒဏ်ရာရရှိမှု | ကျေးရွာ |
|---|---|---|---|---|---|
| ၁. | ကိုစိုးလင်းအောင် | ကျား | ၄၅ | လေယာဉ်ပေါ်မှ ပစ်ခတ်စဉ် | မူးမန္တလေး |
| ၂. | ကိုတင်ကိုအေး | ကျား | ၃၀ | လေယာဉ်ပေါ်မှ ပစ်ခတ်စဉ် | မူးမန္တလေး |
| ၃. | အမည်မသိ | မ | ၅၀ | လေယာဉ်ပေါ်မှ ပစ်ခတ်စဉ် | မူးမန္တလေး |
| ၄. | ဦးပြည့်လွင် | ကျား | ၄၀ | ညှင်းပမ်းနှိပ်စက်ခံရ မျက်လုံးဒါဏ်ရာပြင်းထန် | ဂုန်းညင်းဆိပ် |
| ၅. | ဦးမာဒင် | ကျား | ၄၀ | ညှင်းပမ်းနှိပ်စက်ခံရ မျက်နှာဒါဏ်ရာရ | ဂုန်းညင်းဆိပ် |
| ၆. | ကိုနိုင်ဖြိုးအောင် | ကျား | ၂၂ | တင်ပါး လက်နက်ကြီးထိ | ဂုန်းညင်းဆိပ် |

## မူးမန္တလေး ဓာတ်ပုံမှတ်တမ်းများ



ပုံ(၁) စစ်ကောင်စီတပ်များ ကျန်ခဲ့သည့် သက်သေခံပစ္စည်းများ



ပုံ(၂) စစ်ကောင်စီတပ်များ ကျန်ခဲ့သည့် သက်သေခံပစ္စည်းများ



ပုံ(၃) သတ်ဖြတ်ခံရသည့်ရွာသားများနှင့်အတူ မီးရှို့ခံရသည့် နေအိမ်



ပုံ (၄) သတ်ဖြတ်ခံရသည့်ရွာသားများနှင့်အတူ မီးရှို့ခံရသည့် နေအိမ်



ပုံ(၅) မီးရှို့သတ်ဖြတ်ခံရသည့် ရွာသားများ၏ ရုပ်အလောင်းများ



ပုံ(၆) မီးရှို့သတ်ဖြတ်ခံရသည့် ရွာသားများ၏ ရုပ်အလောင်းများ



ပုံ (၇) မီးရှို့သတ်ဖြတ်ခံရသည့် ရွာသားများ၏ ရုပ်အလောင်းများ



ပုံ(၈) မီးရှို့ခံထားရသည့်  နေအိမ်များအားတွေ့ရစဉ်



ပုံ(၈) မီးရှို့ဖျက်ဆီးခံထားရသည့် ဆိုင်ကယ်များအားတွေ့ရစဉ်



ပုံ(၈) မီးရှို့ခံထားရသည့် နေအိမ်များအားတွေ့ရစဉ်



ပုံ(၈) မီးရှို့ဖျက်ဆီးခံထားရသည့် ဆိုင်ကယ်များအားတွေ့ရစဉ်



ပုံ(၈) မီးရှို့ခံထားရသည့် နေအိမ်များအားတွေ့ရစဉ်

## အင်းမရွာ ဓာတ်ပုံမှတ်တမ်းများ



ပုံ(၉) အင်းမရွာ မီးရှို့ဖျက်ဆီးခံရသည့်
နေအိမ်များအား မြင်ရစဉ်





ပုံ(၁၂) အင်းမရွာ မီးရှို့ဖျက်ဆီးခံရသည့်
နေအိမ်များအား မြင်ရစဉ်



ပုံ(၁၀) အင်းမရွာ မီးလောင်ပျက်ဆီးသွားသည့်
နေအိမ်အတွင်းပိုင်းအား မြင်ရပုံ

ပုံ(၁၁) အင်းမရွာ မီးလောင်ပျက်ဆီးသွားသည့်
နေအိမ်အတွင်းပိုင်းအား မြင်ရပုံ



ပုံ(၁၃) မီးရှို့ဖျက်ဆီးခံရသည့်
ကားတစ်စီးအား တွေ့ရစဉ်



ပုံ(၁၄) မီးလောင်ပြာကျသွားသော
နေအိမ်တစ်လုံးအား တွေ့ရစဉ်



ပုံ(၁၅) စစ်ကောင်စီတပ်သားများ
ရေးသားထားခဲ့သည့် စာများ



ပုံ(၁၆) စစ်ကောင်စီတပ်သားများ
ရေးသားထားခဲ့သည့် စာများ

## ဂုန်ညင်းဆိပ်ရွာ ဓာတ်ပုံမှတ်တမ်းများ



ပုံ(၁၅) စစ်ကောင်စီတပ်များ
ပစ်သတ်ထားခဲ့သည့် ရွာသား တစ်ဦး



ပုံ(၁၅) စစ်ကောင်စီတပ်သားများ
သတ်ဖြတ်မီးရှို့ထားခဲ့သည့် ရွာသားတစ်
ဦး၏ ရုပ်အလောင်းပုံ



ပုံ(၁၅) စစ်ကောင်စီတပ်သားများ
သတ်ဖြတ်မီးရှို့ထားခဲ့သည့်
ရွာသားတစ်ဦး၏ ရုပ်အလောင်းပုံ



ပုံ(၁၅) ပစ်သတ်ခံထားရသည့်
အလောင်းမှ သွေးများ



ပုံ(၁၅) မီးရှို့ခံထားရသည့် နေအိမ်များ



ပုံ(၁၅) မီးရှို့ခံထားရသည့် နေအိမ်များ



ပုံ(၁၅) မီးရှို့ခံထားရသည့် နေအိမ်များ








ပုံ(၁၇) စစ်ကောင်စီတပ်သားများထံမှ
ကျန်ခဲ့သော သက်သေခံပစ္စည်းများ



ပုံ(၁၇) စစ်ကောင်စီတပ်များ မီးရှို့ဖျက်ဆီးခဲ့သည့် ကားတစ်စီးအားမြင်ရပုံ



ပုံ(၁၇) စစ်ကောင်စီတပ်များ မီးရှို့ဖျက်ဆီးခဲ့သည့် နေအိမ်များ